# Mobye People Defense Force

ကြေညာချက်အမှတ်၊ ၆ / **၂၀၂၁။**

ရက်စွဲ။ **ဇွန်လ (၁၃)ရက်၊ ၂၀၂၁ခုနှစ်**

## စစ်ရှောင်ရိက္ခာများ ဖျက်ဆီးခံရမှု တင်ပြခြင်း

ဇွန်လ (၇)ရက်နေ့က **MBPDF** နှင့် အကြမ်းဖက်စစ်တပ်တို့ကြား တစ်နေ့ကုန်နီးပါး တိုက်ပွဲပြင်းထန်ခဲ့ပါတယ်။ ဖြစ်စဉ်မှာ အကြမ်းဖက်စစ်တပ်သည် မနက်အစောပိုင်းမှစတင်ပြီး လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်လျက်ရှိပြီး နံနက် (၈)နာရီ ခန့်လောက်တွင် အင်အားအလုံးအရင်းဖြင့် စက်သေနတ် အဆက်မပြတ်ပစ်ခတ်လျက် မိုးဗြဲ၊ လွယ်ယင်းတောင်ခြေဘက်သို့ ထိုးစစ်ဆင်လာပါသည်။ စစ်ယူနီဖောင်းများနှင့် အရပ်ဝတ် စစ်သားများသည် လက်နက်အင်အား၊ လူအင်အားတောင့်တောင့်တင်းတင်းဖြင့် ချီတက်လာသော်လည်း **MBPDF** ၏ ခုခံကာကွယ်မှုကို ခက်ခက်ခဲခဲ အချိန်ကြာမြင့်စွာ ရင်ဆိုင်ခဲ့ရပါသည်။ တူမီးလက်လုပ်သေနတ်အများစုကိုသာ အားကိုးနေရသည့် **MBPDF** အနေဖြင့် အကြမ်းဖက်စစ်တပ်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက် ခဲ့သော်လည်း အင်အားမမျှသဖြင့် ညနေ (၅)နာရီခန့်တွင် ယာယီတပ်ဆုတ်ခဲ့ပါသည်။ လွယ်ယင်းတိုက်ပွဲတွင် **MBPDF** ဘက်မှ (၃)ဦး လက်နက်ကြီး ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်စစ်တပ်ဘက်မှာ အကျအဆုံးများရှိသော်လည်း စာရင်းအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိပါ။ (၁၀)နာရီ နီးပါး တိုက်ပွဲပြင်းထန်ပြီး လွယ်ယင်းတောင်ကို MBPDF မှ စွန့်လွှတ်လိုက်ရကာ အကြမ်းဖက်စစ်တပ်မှ စစ်ရှောင်များရှိရာ တောင်ကြားများထိ ထိုးစစ်ဆင်ခဲ့ရာ စစ်ရှောင်နေ ပြည်သူများ အရေးပေါ် နေရာရွှေ့ပြောင်းခဲ့ရပါသည်။ စစ်ရှောင်များ လုံခြုံသည့်နေရာသို့ ပြောင်းရွှေ့နိုင်ခဲ့သော်လည်း ၎င်းတို့အတွက် စားနပ်ရိက္ခာများနှင့်လူနာတင်ကား(၁)စီးကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့ပါသည်။ မီးရှို့ခံရသည့် ရိက္ခာများနှင့် လူနာတင်ကား မှာ စစ်ရှောင်များအတွက် အဓိကအရေးပါသည့် ပစ္စည်းများဖြစ်ပြီး စားနပ်ရိက္ခာ **ကာလတန်ဖိုး သိန်း (၅၀) ကျော်နှင့် လူနာတင်ကား (၁)စီး** ဆုံးရှုံးခဲ့ရပါသည်။ အကြမ်းဖက်စစ်တပ်သည် အရပ်သားများ၏ ပိုင်ဆိုင်မှုစည်းစိမ်များကို ဖျက်ဆီးယုံသာမက ၎င်းတို့၏ အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နေခြင်းမှာလည်း စစ်ရာဇဝတ်မှုများ ကျူးလွန်နေခြင်းဖြစ်ပြီး ခိုင်လုံသည့် သက်သေများလည်း ကျွန်ုပ်တို့ ရရှိပြီးဖြစ်သည်။ အကြမ်းဖက်စစ်တပ်အနေဖြင့် နိုင်ငံတကာ စစ်ရေးဥပဒေများကို လေးစားလိုက်နာပြီး သတ္တိရှိရှိ ယောကျ်ားဆန်ဆန် တိုက်ခိုက်ကြရန် ကျွန်ုပ်တို့မှ တိုက်တွန်းပါသည်။

**_ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**သတင်းနှင့် ပြန်ကြားရေး။**